တောင်သုံးလုံးကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်သုံးလုံးကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	တောင်သုံးလုံးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၃
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၄
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၂
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစု ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဧယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်သုံးလုံးကျေးရွာ

ထားဝယ်မြို့နယ်

ထားဝယ်မြို့နယ်၊ တောင်သုံးလုံးကျေးရွာ သယ်ဇာတပြမြေပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်သုံးလုံးကျေးရွာသည် ထားဝယ် - မေတ္တာ ကားလမ်းမပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ထားဝယ်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ အရှေ့ဘက်တွင် ရွှေချောင်းကျေးရွာ၊ အနောက်ဘက်တွင် ကျောက်မဲတောင်ကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုရေးနှင့် မွေးမြူးရေးလုပ်ငန်းများဖြစ်ကြပသည်။ ကျေးရွာ၏မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပြီး ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများရှိပါသည်။ ကွမ်းသီးပင်နှင့်ရာဘာပင်ကို အဓိက အားထားပြီး စီးပွားဖြစ် စိုက်ပျိုးကြပါသည်။ ကျေးရွာသည် ပထဝီဝင် အနေအထား အရ တောင်ကုန်း၊ တောင်တန်းပေါများသော ရွာတစ်ရွာ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်သုံးလုံးကျေးရွာသည် ပူ၍ မိုးများသော အပူပိုင်း မိုးသစ်တော ရာသီဥတု ကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ ၈၀ မှ ၁၀၀ ပတ်ဝန်း ကျင်တွင်ရှိသည်။ အခြားသော သတ္တု၊ ခဲစသည့် သယံဇာတ တွင်းထွက်များ ထွက်ရှိမှု အသင့်အတင့်ရှိပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ ဂျီ၊ တောက်၊ ဆတ်၊ တောကြောင်၊ တောကြက်၊ တောဝက်၊ နှင့် ဖြူတို့ ဖြစ်ပါသည်။ နွားစာနှင့် ဆေးဘက်ဝင်အပင်များမှာလည်း အသင့်အတင့်တွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

တောင်သုံးလုံးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၄၀) အိမ်ရှိပြီး လူဦးရေပေါင်း (၁၂၁၃)ဦးရှိပါသည်။ တောင်သုံးလုံးကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှု ရှိနေသောရွာတစ်ရွာပင်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ လူငယ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုရေး၊ လုံခြုံရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ဖြစ်သော World Vision အဖွဲ့အစည်းသည် ကျန်းမာရေးဟောပြောပွဲများပြုလုပ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးဝေခြင်း၊ ငှက်ဖျားရောဂါစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ချို့တဲ့သောကလေးသူငယ်များ အား ထောက်ပံ့ကူညီခြင်းကို လာရောက်လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကျန်ရှိသော ကဏ္ဍ

များပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်သုံးလုံးကျေးရွာတွင် မြေယာမဲ့ တောင်သူအိမ်ထောင်စု မရှိပါ။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၆၈) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကထိ တောင်သူငယ် (၁၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃၅) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၂၃) အိမ်ထောင်စု စသည်တို့ရှိကြပြီး ဥယျာဉ်ခြံလုပ်ငန်းကိုသာ အားထားစိုက်ပျိုးကြပါသည်။ အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်ပြီး ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများလိုက်နာလုပ်ဆောင်မှု အားနည်းပါသည်။ စိုက်ပျိုးနည်းစနစ်များမှာ မိရိုးဖလာ စိုက်ပျိုး နည်းစနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သည်။ ထို့အပြင် ရော်ဘာစိုက်ပျိုး ထုတ်လုပ်နေကြသည့် အိမ်ထောင်စုများမှာ အထွက်နှုန်းအားဖြင့် မနည်းသော်လည်း ရော်ဘာဈေးနှုန်းကျဆင်းနေသောကြောင့် စီးပွားရေး တွက်ချေမကိုက်ပေ။

သီးနှံစိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ အဓိက စိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြက်ရိတ်စက်နှင့် ဓါးကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် အခြားသော စိုက်ပျိုးရေးသုံးကိရိယာများသုံးစွဲခြင်းမရှိပါ။ ဥယျာဉ်ခြံစိုက်ပျိုးရာတွင်လည်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များက သီးနှံပင်များကို ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တောင်သုံးလုံးကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု (၂၀) အိမ်ထောင်စုရှိပြီး စုစုပေါင်း နွားကောင်ရေ (၁၁၉) ကောင်ရှိပါသည်။ စီးပွားဖြစ် ကြက်မွေးမြူသည့် အိမ်ထောင်စု (၁၁၉) စု ရှိပြီး အကောင်ရေမှာ (၁၀၁၇) ကောင်ရှိပါသည်။ စီးပွားဖြစ် ဘဲမွေးမြူသည့် အိမ်ထောင်စု (၁၄) စုရှိပြီး အကောင်ရေမှာ (၄၃) ကောင်ရှိပါသည်။ စီးပွားဖြစ်ဝက်မွေးမြူသည့် အိမ်ထောင်စု (၁၈)စုရှိပြီး အကောင်ရေမှာ (၄၈)ကောင် ရှိပါသည်။ မြင်းမွေးမြူသည့် အိမ်ထောင်စု (၂) စုနှင့် ဆိတ်မွေးမြူသည့် အိမ်ထောင်စု (၉) စု ရှိသည်။

တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြပြီး အများစုမှာ ဒေသ ဝက်များကိုသာ မွေးမြူကြပါသည်။ စပ်မျိုးဝက်များကို မွေးမြူသူများရှိသော်လည်း အစာရေ စာရှိနိုင်မှု မလုံလောက်ခြင်း၊ ဝက်သားပေါက်ဝယ်ယူမှု စရိတ်ကြီးမားခြင်း စသည်တို့ကြောင့် မွေးမြူသူဦးရေမှာ အလွန်ပင် နည်းပါးပါသည်။ ထို့အပြင် တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းပြီး မွေးမြူရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန် မရရှိပေ။ စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင် မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်သုံးလုံးကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင် ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည် များ သယ်ယူပို့ဆောင်စရိတ် ကြီးမားသောကြောင့် အသားတင် အမြတ်ငွေ နည်းပါးပါသည်။ ထို့ကြောင့် ဆန်စပါးများရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ဆန်ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။

တောင်သုံးလုံးကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ မရှိပါ ။ စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် နေ့စား၊ ကျပန်း လုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ထိုင်းသို့သွား၍ အလုပ်လုပ်ခြင်းနှင့် ရာသီပေါ်သီးနှံများ ရောင်းဝယ်ခြင်းလုပ်ငန်းများရှိပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များ၏ ပြဿနာမှာ ဈေးကွက်ဆိုင် ရာအသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသ ထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်းအတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု လုပ်ငန်း များ မဆောင်ရွက်နိုင်ပေ။ အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သည် စက်ချုပ်၊ စက်ပြင်စသောသင်တန်းများကို အခကြေးငွေကုန်ကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သုံးလုံးကျေးရွာတွင် ဥယျာဉ်ခြံ လုပ်ကိုင်သူများသည် ပွဲရုံလုပ်ငန်းရှင်ထံမှ ကြိုတင် ငွေယူ၍ ရာသီပေါ်သီးနှံထွက်ချိန်တွင် ခြံထွက်သီးနှံများဖြင့် ပြန်လည်ပေးချေရပါသည်။ မိသားစု စားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင်

ငွေချေးသူများ၊ ဆွေမျိုးမိတ်ဆွေများမှလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်း သက်သာသည့် ကာလရှည်ချေးငွေ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

တောင်သုံးလုံးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများနှင့် ကားများကိုသာ အဓိကထား အသုံးပြုကြပါသည်။ သို့ရာတွင် အချို့ အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့်ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ် ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

တောင်သုံးလုံးကျေးရွာတွင် ကျေးရွာတွင်း လမ်းများသည် ကောင်းမွန်ကြပါသည်။ ထို့အပြင် တောင်သုံးလုံးကျေးရွာတွင် ကျေးရွာတွင်း တံတားများ မရှိပါ။ ပင်လယ်ရေ ကြောင်းနှင့် မြစ်ကြောင်းအသုံးပြုမှု မရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

တောင်သုံးလုံးကျေးရွာတွင် ဆိုလာနစ်အသုံးပြုနေကြသည့် အိမ်ထောင်စု (၄၁) စု ရှိပြီး၊ ဒီဇယ်အင်ဂျင်စနစ်အသုံးပြုသော အိမ်ထောင်စု (၁၉၂)စုနှင့် အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု (၇) စုရှိပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား / သူ များ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာ အတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောင်သုံးလုံးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၃) လုံး၊ ရေဒီယို (၁၀၇) လုံး၊ တီဗွီ (၁၈၁) လုံး၊ ဂြိုလ်တုစလောင်း (၁၄၂) လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်း များရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့်အခြေအနေများ ရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေ ပါသည်။

၆။ ပညာရေး

တောင်သုံးလုံးကျေးရွာတွင် အလယ်တန်းအဆင့်ပညာရေးကို သင်ကြားခွင့် ရရှိနိုင်ပြီး အထက်တန်းအဆင့်ကို ထားဝယ်မြို့ကျောင်းတွင် ဆက်လက်ပညာသင်ကြားကြရပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူ တစ်ချို့ ရှိပါသည်။ ဘွဲ့ရသူဦးရေ (၄၃) ဦးအထိ

ရှိနေပြီဖြစ်သည်။ ကျေးရွာတွင် မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၄.၆၇) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၂.၈၃) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၆.၀၂) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၄.၁၁) ရာခိုင်နှုန်းတို့ရှိပြီး လာမည့်အနာဂတ်ကာလတွင် ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် ရင်းနှီးမြုပ်နှံမှုများ ပိုမိုလုပ်ဆောင်သင့်ပါသည်။

တောင်သုံးလုံးကျေးရွာတွင် မသန်စွမ်းသူများမရှိသည့်အတွက် အစီအစဉ်များ ကြိုတင်ရေးဆွဲထားခြင်းမရှိပါ။ တောင်သုံးလုံးကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၃၄၉)ဦးရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။ ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး ကျောင်းသုံးပရိဘောဂများ၊ (၂)ခန်းတွဲ ကျောင်းအိမ်သာပြုလုပ်ပေးရန် လိုအပ်ပါသည်။

၇။ ကျန်းမာရေး

တောင်သုံးလုံးကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရွာသူ/သားများသည် ကျေးရွာအတွင်း နေထိုင်သော ကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါသည်။ ကြီးကြီးမားမား ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် (၆)မိုင်ကွာဝေးသည့် မေတ္တာတိုက်နယ်ဆေးရုံသို့ သွားရောက်ကြသည်။ ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေးများကို စနစ်တကျ သိုလှောင်ထားခြင်း အားနည်းပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် (၂၈)မိုင်ကွာဝေးသော ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါသည်။

တောင်သုံးလုံးကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၁၄၃) တွင်းနှင့် ရေကန် (၁၉၃)ရှိပါသည်။ ကျေးရွာတွင် တစ်ရွာလုံးကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့်ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးနှိမ်ရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်သုံးလုံးကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်းထားရှိမှု မရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျ မရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တောင်သုံးလုံးကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ ခွဲခြားမှုမရှိပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ သို့သော်လည်း နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။

ကျေးရွာ၏ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ ကျေးရွာသူ/သားများသည် အခြေခံပညာအားနည်းခြင်းကြောင့် ကျား-မ တန်းတူညီမျှမှုအား အမျိုးသမီးရေးရာဥပဒေနှင့်ပတ်သက်၍ အသိပညာပေးများ မြှင့်တင်ဆောင်ရွက်ပေးပါက အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိလာ၍ အမျိုးသမီးဆိုင်ရာ ဥပဒေများ နားလည်သိရှိလာပြီး ကဏ္ဍအသီးသီတို့အတွက် များစွာ တိုးတက်ဖွံ့ဖြိုးလာနိုင်ပေမည်။

၁၈။ တောင်သုံးလုံးကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - တောင်သုံးလုံး			ကျေးရွာအမည် - တောင်သုံးလုံး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ပညာရေး	ကျောင်းအဆောက်အဦ	ကျောင်းဝင်းပတ်လည်ကွန်ကရစ်တိုင်နှင့် သံစကာကွက် ခြံစည်းရိုးကာရံခြင်း	
၂	ပညာရေး	အစိုးရ အသိအမှတ်မပြု (သက်မွေးပညာ)	ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း	
၃	ကျန်းမာရေး	ကျန်းမာရေးပညာပေး	ကျန်းမာရေးဟောပြောပွဲများကျင်းပပေးခြင်း	
၄	လျှပ်စစ်	မိသားစုသုံးဆိုလာ	တစ်အိမ်သုံးဆိုလာမီးတပ်ဆင်ခြင်း	
၅	လျှပ်စစ်	မဟာဓါတ်အားလိုင်း	ဓါတ်အားလိုင်းသွယ်တန်းခြင်း	
၆	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးနည်းပညာသင်တန်းများ(ပိုးမွှားများကာကွယ်နှိမ်နင်းရေး)ပို့ချပေးခြင်း	
၇	ငွေကြေး	အသေးစားငွေကြေးဝန်ဆောင်မှု	အတိုးနှုန်းသက်သာသောချေးငွေရရှိအောင်ဆောင်ရွက်ပေးခြင်း	
၈	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	အားကစားကွင်းပြုပြင်ပေးခြင်းနှင့် နွေရာသီရက်တို အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်း	

တောင်သုံးလုံးကျေးရွာ၊ တောင်သုံးလုံးကျေးရွာအုပ်စု၊ ကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမျိုးဝင်း	ဦးအောင်ရီ	ဖ/ထဝန(နိုင်)၀၈၀၀၀၄	၄၃	နာယက	၀၉-၈၇၄၃၁၆၇
၂	ဦးဝင်းရှိန်	ဦးထွန်းကျင်	ဖ/ထဝန(နိုင်)၀၄၈၇၁၁	၄၈	ဥက္ကဋ္ဌ	-
၃	ဦးအောင်စိုးဦး	-	ဖ/ထဝန(နိုင်)၀၉၀၃၅၃	-	အတွင်းရေးမှူး	-
၄	ဦးစိုးအောင်	-	၁၂/ဥကမ(နိုင်)၀၈၇၀၀၇	-	စာရင်းကိုင်	-
၅	ဦးမျိုးအောင်	ဦးချစ်ရွှေ	ဖ/ထဝန(နိုင်)၀၀၇၄ဖ၈	၅၁	အဖွဲ့ဝင်	-
၆	ဦးတာနီ	ဦးဘိဘိ	ဖ/ထဝန(နိုင်)၀၄၉၂၇၀	၅၉	အဖွဲ့ဝင်	-
၇	ဦးအုန်းကြည်	ဦးလူရွှေ	ဖ/ထဝန(နိုင်)၀၄၈ဖ၁၅	ဖ၄	အဖွဲ့ဝင်	-
၈	ဦးမြင့်အောင်	ဦးသိန်းအောင်	ဖ/မတန(နိုင်)၀၇၈၀၂၃	၅၇	အဖွဲ့ဝင်	-
၉	ဦးမြတ်စိုး	ဦးညွန့်သား	ဖ/ထဝန(နိုင်)၀၉၃၈၈ဖ	၄၇	အဖွဲ့ဝင်	-
၁၀	ဦးစိန်ရှင်း	ဦးမောင်ကြည်	ဖ/ထဝန(နိုင်)၀၄၈၉၈၁	၅၅	အဖွဲ့ဝင်	
၁၁	မခင်စန်းထွေး	ဦးမောင်သန်း	ဖ/ထဝန(နိုင်)၀၇၁၄၇၉	၄၁	အဖွဲ့ဝင်	-
၁၂	မဟိန်းသန္တာစိုး	ဦးသိန်းဟန်	ဖ/မတန(နိုင်)၀၀၃၅၉ဖ	၁၇	အဖွဲ့ဝင်	-
၁၃	ဦးလှဌေး	ဦးထွန်းဖေ	ဖ/မတန(နိုင်)၀၀၃၄၁၅	၃၇	အဖွဲ့ဝင်	-

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၈	၁၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၃	၂၈	၆၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၂	၄၅	၈၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၄	၇၂	၁၅၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၉၇	၄၁၇	၈၁၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၅	၅၂	၇၇
စုစုပေါင်း		၅၉၁	၆၂၂	၁၂၁၃
စုစုပေါင်း အိမ်ထောင်စု		၂၄၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၄၀)ရှိပြီး ကျား(၅၉)၊ မ(၆၂၂)ဦးဖြင့် လူဦးရေပေါင်း (၁၂၁၃) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း(၅)ဦး ရှိသည်။ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၇.၁%)ရှိသည်။ အလုပ်လုပ်နိုင်သော အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် နည်းသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၃	၈၈	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၈၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း: မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁၂	မြင့်□လတ်□နိမ့်☑
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၇	၇	-	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၁၄	-	မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၄	မြင့်□လတ်□နိမ့်☑
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၁	၄၅	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၃	မြင့်□လတ်□နိမ့်☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၁၃	-	မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၅	မြင့်□လတ်□နိမ့်☑
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၂	မြင့်□လတ်□နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း: မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၂	မြင့် ☑လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၃	မြင့် ☐လတ် ☐နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၅	မြင့် ☐လတ် ☑နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၈	၁၀၈	၉၁	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐လတ် ☐နိမ့် ☐
	စုစုပေါင်း	၂၄၀	၂၈၇	၂၁၇	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း:"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ မွေးမြူရေးလုပ်ကိုင်သောအိမ်ထောင်စု၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု၊ ဆံပင် အလှပြင်စသည့် ကျွမ်းကျင်ပညာရှင် များ၊ လက်လီလက်ကား ရောင်းဝယ်သော အိမ်ထောင်စုများ၊ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများ၊ ပြည်သူ့ဝန်ထမ်းများ၊ ကြိုရာကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၆၀၀၀	-	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၆၀၀၀	၂၀၀၀၀	၅၀၀၀	၇၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	၄၀၀၀	-	၄၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာအတွင်း နေ့စားများမှာ မတူညီကြပေ။ ကျားနှင့်မသည် အလုပ်လုပ်ရာတွင် တူညီမှုရှိသော်လည်း နေ့စားခမှာ ကွာဟကြသည်။ ကျား-လုပ်အားခသည် မ-လုပ်အားခထက် ပိုသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၇	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၇၈၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၁၂**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အစိုခါတ်များသောမြေအနိမ့်ပိုင်းနေရာများတွင် ကွမ်းသီးတို့ အဓိကထား စိုက်ပျိုးကြပြီး မြေအမြင့်ပိုင်းဖြစ်သောတောင်ကုန်းတောင်တန်းများတွင် ရော်ဘာပင်များကို စိုက်ပျိုးကြသည်။ အစိုခါတ်နည်းသောမြေအမြင့်ပိုင်းတွင် ကွမ်းသီးပင်များကို စိုက်ပျိုးလိုပါက သီဟိုဠ်ပင်ကို ပထမဦးစွာ စိုက်ပျိုးပြီးမှ ၎င်းအပင်များအောက်တွင် ကွမ်းသီးပင်များကို စတင် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးပင်များကို ရေအရင်းအမြစ်ဖြစ်သော သဘာဝမိုးရေကို အစိုခါတ်ဖြင့်သာ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ခဲ စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☑ သင့်☐ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် ဓါတ်သတ္တုရင်းမြစ်ဖြစ်သော ခဲမဖြူကို မိုးရာသီတွင် ရွာအတွင်းမှ ဖြတ်သန်းစီးဆင်းသည့် ချောင်းမှ ကျင်းယူရရှိပြီး ဆောင်းနှင့် နွေရာသီတွင် ချောင်းရေ စီးဆင်းမှုမရှိသဖြင့် မရရှိနိုင်ပေ။ ခဲမဖြူကို ကျင်းယူရာတွင် တစ်ဦးလျှင် တစ်နေ့နှုန်းထား(၃၀)ကျပ်မှ (၄၀)ကျပ်သားခန့်အထိ ရရှိလေ့ရှိပါသည်။ ခဲမဖြူ ဈေးကွက်မှာ တစ်ဆယ်သားလျှင် (၁၄၀၀)ကျပ်ခန့် ပေါက်ဈေးရှိသည့်အတွက် တစ်နေ့လျှင် (၄၂၀၀)ကျပ်မှ (၅၆၀၀)ကျပ်အထိ ရရှိပါသည်။ တောတိရစ္ဆာန်များမှာလည်း ရော်ဘာခြံများ ချဲ့ထွင် စိုက်ပျိုးလာမှုကြောင့် ယခင်ကထက် ရှားပါးလာပါသည်။ ချေ၊ တောဝက်၊ ဆတ်၊ တောကြက်၊ တောကြောင်နှင့် ဖြူစသည့်တောတိရစ္ဆာန်များရှိပါသည်။ ဆေးဖက်ဝင်အပင်များကိုလည်း အသင့်အတင့် တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	နည်း	အလွန်နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၃၀**	**၄၄**	**၇၈**	**၈၈**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာရှိအိမ်ထောင်စုများ၏ (၁၂.၅%)ခန့်မှာ အဆင်ပြေသော အိမ်ထောင်စုဖြစ်ပြီး စိုက်ပျိုးဧက (၁၀)ဧကနှင့်အထက်ပိုင်ဆိုင်ကြသည်။ ဥယျာဉ်ခြံလုပ်ငန်းနှင့် ဈေးဆိုင်ရောင်းကြသည်။ အလယ်အလတ်အိမ်ထောင်စု(၁၈.၃၃%)မှာ စိုက်ပျိုးဧက (၅ ဧက)ခန့်ပိုင်ဆိုင်ကြပြီး လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဆင်းရဲနှင့် အလွန် ဆင်းရဲအိမ်ထောင်စုများမှာ ကျပန်းနေ့စားလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြသည်။

(၄) ထိခိုက်လွယ်မှု

(၄-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂၀ လုပ်အားခကြိုယူ = ၂၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၃ လုပ်အားခကြိုယူ = ၁၃
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၈၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၆ လုပ်အားခကြိုယူ = ၁၆

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ ဝင်ငွေနည်းမိသားစုများသည် တစ်နှစ်လုံးတွင် ဝမ်းစာဖူလုံသည့်လများ ရှိသကဲ့သို့ ဝမ်းစာမဖူလုံသည့်လများလည်းရှိသည်။ မြေယာမဲ့များအနေဖြင့် စားနပ်ရိက္ခာသိုလှောင်နိုင်မှုမှာ အလွန်ပင်နည်းပါးပြီး အလုပ်အကိုင်ရှားပါးသည့်အချိန်များတွင် ဈေးအကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ ဆွေမျိုးမိတ်ဆွေများထံမှ ငွေချေးခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းနေရပါသည်။ အဓိကပြဿနာတစ်ရပ်မှာ ဝင်ငွေရရှိရန် ပြည်ပသွားရောက်လုပ်ကိုင်နေရသူများကို အားကိုးနေရသဖြင့် သွားရောက်လုပ်ကိုင်သူများအနေဖြင့်လည်း အလုပ်အကိုင်တည်မြဲရန် အမြဲကြိုးစားနေရပါသည်။ ချေးယူသည့်ငွေများကို ပြည်ပသွားရောက်လုပ်ကိုင်သူများထံမှ ငွေပို့လျှင် ပြန်လည်ပေးဆပ်ကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၀		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၂၀) စုမှလွဲ၍ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၈	မီးဘေး	မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာ၏ ထိခိုက်လွယ်မှုဖြစ်နိုင်ခြေ အများဆုံး အခြေအနေမှာ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများသဖြင့် ရောဂါကူးစက်မှု ခံရနိုင်ခြေ ရှိခြင်း၊ တောတောင်များ အနီးတွင်ရှိသောကြောင့် အိမ်ထောင်စုအားလုံးနီးပါး ငှက်ဖျားရောဂါ ရှိခြင်း

ဖြစ်သည်။ တောမီးလောင်ခြင်းကို မကြာခဏကြုံတွေ့ရသဖြင့် သဘာဝသစ်ရွက်ဆွေးများကဲ့သို့ သောမြေဩဇာဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။ သစ်တောပြုန်းတီးခြင်းနှင့် စိုက်ပျိုးနိုင်သည့်မြေများ ရှားပါးလာခြင်းသည်လည်း နောင်အနာဂတ်တွင် စိုးရိမ်ဖွယ်ရာအချက်ပင်ဖြစ်သည်။ အခြား ထိခိုက် လွယ်မှု အခြေအနေများမှာ သာမန်ပင်ဖြစ်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐နိမ့်☑ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐နိမ့်☑ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐နိမ့်☑ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☑ နိမ့်☐မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☑ လတ် ☐ နိမ့်☐မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် အခြားဒေသများသို့ ရွှေပြောင်း လုပ်ကိုင်သူ များမှာ လူငယ်အများစုဖြစ်သဖြင့် ကူးစက်ရောဂါများဖြစ်ပွားနိုင်ခြင်း၊ အမျိုးသမီး ဦးဆောင်သော

မိသားစုများ၊ ကျပန်းမိသားစုများ မှာတစ်နှစ်တွင် (၄)လလောက်သာ အလုပ်အကိုင် ပေါများစွာ ရရှိသဖြင့် စားနပ်ရိက္ခာဖူလုံမှု မရှိသည်ကို ရင်ဆိုင်နေရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ တစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အရန်မီးသတ်ဖွဲ့	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၁၀	၂၀	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂☑ ၃☐	၅	၃	၈	ပညာရေး ☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	အမျိုးသမီးရေးရာ	၁☐ ၂☑ ၃☐	-	၇	၇	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် အဖွဲ့အစည်းဆိုင်ရာအချင်းချင်း ချိတ်ဆက်မှုမရှိပေ။ အချို့အဖွဲ့အစည်းများမှာ နာမည်သာရှိ၍ အဖွဲ့ဝင်များကို ကျေးရွာလူထုမှ မသိရှိကြပေ။ ကျေးရွာအတွက် ကိစ္စရပ်အများစုကို အုပ်စုကျေးရွာမှ ဆောင်ရွက်ကြသောကြောင့်ဖြစ်သည်။ ကျေးရွာအတွင်းတွင် ဦးဆောင်လုပ်ကိုင်သူနည်းပါးပါသည်။ အဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်မှု

အားနည်းရခြင်းမှာ အဖွဲ့အစည်းဆိုင်ရာသဘောထားနားမလည်ခြင်း၊ တာဝန်ဝတ္တရားအတိုင်း လုပ်ဆောင်ရန် အခွင့်အရေးရရှိမှုနည်းခြင်း၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်လုပ်ကိုင်ရန် အလေ့အကျင့်မရှိခြင်းတို့ကြောင့် အားနည်းရခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	World Vision	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☑ဌေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ ဖွံ့ဖြိုးရေး ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော World Visionအဖွဲ့အစည်းမှာ ကျန်းမာရေးဟောပြောပွဲများ၊ ဆေးစိမ်ခြင်ထောင်များ၊ ငှက်ဖျား စမ်းသပ်ကိရိယာများနှင့် ချို့တဲ့နေသော ကလေးငယ်များအား ထောက်ပံ့ခြင်းအစီအစဉ်များ ဆောင်ရွက်ပေးသည်ကို တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	-	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၆၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		၂၄၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာ၏ အိမ်ထောင်စုများမှာ စိုက်ပျိုးရေးလုပ်ငန်းကို မှီခိုအားထားလုပ်ကိုင်ခြင်း၊ ရွှေ့ပြောင်းလုပ်ငန်းများ တစ်ဖက်နိုင်ငံ(ထိုင်း)သို့ သွားရောက် လုပ်ကိုင်သူများဖြစ်ကြသည်။ (၂.၅)ဧကအောက်ပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၇၀) ရာခိုင်နှုန်း၊ (၂.၅ဧကမှ ၅ဧက)အထိ ပိုင်ဆိုင်သည့် အိမ်ထောင်စု (၅.၈၃)ရာခိုင်နှုန်း၊ (၅ဧက မှ ၁၂.၅ဧက)အထိ ပိုင်ဆိုင်သည့်အိမ်ထောင်စု (၁၄.၅၇)ရာခိုင်နှုန်းနှင့် (၁၂.၅ဧကအထက်) ပိုင်ဆိုင်သည့်အိမ်ထောင်စု ၉.၆ ရာခိုင်နှုန်းရှိသည်။ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု အများအပြားရှိသော်လည်း စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါးသဖြင့် တစ်နိုင်တစ်ပိုင်သာ စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☑	
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် နှစ်ရှည်ပင်စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေကို သဘာဝမိုးရေဖြင့် စိုက်ပျိုးကြပြီး ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရာတွင် လက်ငင်ရေတွင်းမှ ရေဖြင့်စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ကွမ်းသီး	၆၀	ပိဿာ	၂၅၀	၃၅၀	၃၀၀	၅	၈	မြင့်☐လတ်☑နိမ့်☐	မြင့်☑လတ်☐နိမ့်☐
စပါး	၃	တင်း	၆၀	၈၀	၇၀	၅	၈	မြင့်☑လတ်☐နိမ့်☐	မြင့်☑လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာ အိမ်ထောင်စုများ၏ ထက်ဝက်ခန့်မှာ ဥယျာဉ်ခြံမြေများပိုင်ဆိုင်ကြပါသည်။ အပူချိန်မြင့်မားသောအချို့နှစ်များတွင် ကွမ်းသီးအထွက် လျော့လေ့ရှိပါသည်။ ကွမ်းသီးမျိုးကို ဒေသတွင် အကျော်ကြားဆုံးဖြစ်ပြီး ဝကုန်းကျေးရွာမှ မျိုးယူစိုက်ပျိုးကြပါသည်။ မိုးစပါးလုပ်သူ နည်းပါးပါသည်။ အထွက်နှုန်းကောင်းမွန်ပါသည်။ စပါးပြီးသောအခါ ရေစုပ်စက်ဖြင့် ရေတင်၍ ပဲတောင့်ရှည်၊ မုန်လာ၊ ခရမ်း၊ ငရုတ်တို့ကို စိုက်ပျိုးပါသည်။ ထားဝယ်နှင့် ထိုင်းနိုင်ငံနယ်စပ်အကြားတွင် တည်ရှိသော ရွာဖြစ်၍ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို တိုးချဲ့လုပ်ကိုင်သင့်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၇	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၆၀	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးကို တွင်ကျယ်စွာ ပြုလုပ်ခြင်းမရှိ၍ လယ်ယာသုံးကိရိယာများ သုံးစွဲမှုများမှာလည်း နည်းပါးပါသည်။ ရော်ဘာခြံများနှင့် ကွမ်းသီးခြံများတွင် ပေါင်းပင်၊ မြက်ပင်များ ရှင်းလင်းရန် မြက်ရိတ်စက်ကို အသုံးပြုကြပါသည်။ ရေစုပ်စက်မှာ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် အသုံးပြုကြခြင်းဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည်☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းသည့် ရော်ဘာမျိုးနှင့် ကွမ်းသီးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့ စိုက်ပျိုးခြင်း၊ ပန်းပင်များကို ပထမဦးစွာ စမ်းသပ်စိုက်ပျိုးခြင်းနှင့် ဈေးကွက်ချိတ်ဆက်ခြင်းတို့သည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ဝင်ငွေများ ရရှိလာနိုင်ပါသည်။ တောင်သုံးလုံးကျေးရွာသည် ထားဝယ်-ထီးခီးလမ်းမဘေးတွင် တည်ရှိ၍ ကုန်စည်များ ဖြန့်ဖြူးရောင်းချရာတွင် အားသာချက်များ ရှိသော်လည်း ထားဝယ်နှင့် ထီးခီးဒေသများမှ ဝင်ရောက်လာသော ဟင်းသီးဟင်းရွက်များ၊ စားသုံးကုန်များတို့ကို အားထားနေရခြင်းကြောင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ခြင်းကို အခွင့်အလမ်းတစ်ရပ်ကဲ့သို့ အသုံးချနိုင်ပြီး မိမိကျေးရွာဝန်းကျင်တဝိုက်ရှိဒေသများသို့ တင်ပို့ရောင်းချနိုင်သည့်ဈေးကွက်သည် ဆင်းရဲသားတောင်သူလယ်သမားနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလိုသူများ အားထားစရာ ဖြစ်လာနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝဗြေဆေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် သွင်းအားစုစျေးကွက်ကို လက်လှမ်းမီသော်လည်း အရင်းအနှီးကုန်ကျစရိတ်များပြားပါသည်။ ဥယျာဉ်ခြံပိုင်ရှင်များမှာ ရော်ဘာ၊ ကွမ်းသီးပင်များကို စိုက်ပျိုးကြပါသည်။ ကွမ်းသီးစိုက်ပျိုးသူများအတွက် စားသောက်ကုန်များ၊ ခြံရှင်းလင်းရန် မြက်ရိတ်စက်အတွက်ဆီသော်လည်း လိုအပ်သည့်ပစ္စည်းများကို ရွာရှိစျေးဆိုင်များမှ ကွမ်းသီး မထွက်သည့်ကာလတွင် ထုတ်ပေးထားကြပါသည်။ ကွမ်းသီးပေါ်မှ ကွမ်းသီးကို (၁၂)ကျပ် ပေါက်စျေးရှိလျှင် (၁၀)ကျပ်နှုန်းဖြင့် အဆိုပါအကြွေးယူခဲ့သောဆိုင်များတွင် အကြွေးကျေသည်အထိ ရောင်းချရပါသည်။ စပါးစိုက်ပျိုးမှုအတွက် မိုးစပါးကိုသာ မိုးရာသီတွင် စိုက်ပျိုးကြသော်လည်း၊ နွေစပါးကို ချောင်းရေခမ်းခြောက်မှုကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများသည် အရင်းအနှီးမရှိခြင်း၊ အထွက်နှုန်းနည်းပါးသောမျိုးစေ့များကိုသာ စိုက်ပျိုးနေရခြင်းနှင့် သီးနှံအထွက်နှုန်းတိုးစေသော နည်းပညာသစ်များကို လက်လှမ်းမမှီခြင်းတို့သည် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအတွက် အခက်အခဲများဖြစ်ပေါ်နေပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၀	၁၁၉
နို့စားနွား	-	-
ကျွဲ	၂	၅
မြင်း	-	-
မြည်း	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
လား	-	-
ဆိတ်	၉	၂၄
သိုး	-	-
ဝက်	၁၈	၄၈
ကြက်	၁၁၉	၁၀၁၇
ဘဲ	၁၄	၅၂
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏာန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်သုံးလုံးကျေးရွာတွင် နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် ဒေသမျိုးများကိုသာ တစ်ပိုင် တစ်နိုင်မွေးမြူလုပ်ကိုင်ကြပါသည်။ မွေးမြူရေးနည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်းကြောင့် ကြက်နာကျခြင်း၊ ဝက်နာကျခြင်း၊ ခွာနာ လျှာနာစသည်တို့ကြောင့် များစွာ ဆုံးရှုံးမှုရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☑ အသင့်အတင့် ☐ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ☑ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☑ အသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☑
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☑
